# ရှင်ဥတ္တမကျော်တောလားစစ်တမ်း

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

ဒေါ်တူးတူး (ခ) စုစုနွယ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ဩဂုတ်လ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ရှင်ဥတ္တမကျော်တောလားစစ်တမ်း" ခေါင်းစဉ်ဖြင့် ပြုစုသော ပါရဂူဘွဲ့ယူကျမ်း ဖြစ်ပါသည်။ ရှင်ဥတ္တမကျော်တောလားနှင့် ပတ်သက်၍ စူးစမ်း ဖော်ထုတ်ရန် ရှိသော ပြဿနာများကို စစ်တမ်းထုတ်လိုသော ရည်ရွယ်ချက်ဖြင့် ဤကျမ်းကို ပြုစုပါသည်။ စစ်တမ်းထုတ်ရာတွင် ရှင်ဥတ္တမကျော်၏ ဘဝဖြစ်ရပ်နှင့် ပြုစုသောစာပေများ၊ တောလားပိုဒ်ရေနှင့် တောလားရေးဖွဲ့သောခေတ်တို့နှင့် ပတ်သက်၍ တွေ့ရှိလာရသော ပြင်ပသက်သေ၊ အတွင်းသက်သေ အထောက်အထားများအရ ရှင်ဥတ္တမကျော်တောလားကို ရေးဖွဲ့သောပုဂ္ဂိုလ်မှာ မည်သူဖြစ်မည်၊ တောလားပိုဒ်ရေ မည်မျှရှိမည်၊ တောလားရေးဖွဲ့သောခေတ်မှာ မည်သည့်ခေတ်ဖြစ်မည်ဟူသော အချက်များကို စစ်တမ်း ထုတ်ထားပါသည်။ ဤသို့ စစ်တမ်းထုတ်ခြင်းဖြင့် ရှင်ဥတ္တမကျော်တောလားဆိုင်ရာ ပြဿနာအချို့ကို ရှင်းလင်းဖော်ထုတ်နိုင်ခဲ့ပါသည်။ ယခင်က မဖော်ထုတ်ရသေးသော အချက်များကို အသစ်တွေ့ရှိသည့် သုတေသနရလဒ် အထောက်အထားများအရ ပြင်ဆင်ဖြည့်စွက်နိုင်သည့်အတွက် မြန်မာစာပေလေ့လာမှုတွင် အတိုင်းအတာတစ်ခုအထိ အကျိုးပြုနိုင်မည် ဖြစ်ပါသည်။